# ဓမ္မထဲက သီချင်း
# သီချင်းထဲက ဓမ္မ
# သို့မဟုတ်

တေးရေးဒေါက်တာစိုင်းခမ်းလိတ်၏

## ဘဝ၊ ဒဿနနှင့်ဓမ္မရသ

တင်ဝင်း–ကသာ(မန်းတက္ကသိုလ်)

E-book is created by www.shanyoma.org

"နိုရဲတဲ့နှလုံးသား
ဖွေးဆွတ်တဲ့မနောဝိညာဉ်
သူများအကျိုးအတွက်
ကိုယ့်အကျိုးကို အခါခါစတေး…။
ယုံကြည်မှုကတစ်ခု… တစ်ခုတည်း
ရှိခဲ့တယ် ရှိဆဲပဲ
မျှော်လင့်ခြင်း ရွှေဉာဏ်ဆု သဗ္ဗညုတစ်ခုတည်း"

"စိုင်းခမ်းလိတ်"ဟူသည် ရှမ်းဘာသာနာမည်ဖြစ်သည်။ ရှမ်းဘာသာဖြင့် "လိတ်"သည် မြန်မာလို "သံ"ဟု အဓိပ္ပါယ်ရသည်။ မာကျောသောသဘောရှိသည်။ "ခမ်း"ဟူသည်မှာ နှစ်လို ဖွယ်အဆင်းရှိ"ရွှေရတနာ"ကို ကိုယ်စားပြုသည်။ "စိုင်း"ဟူသည် ငယ်ရွယ်သူ ယောကျ်ားကလေး များ၏ အမည်နာမ အဦးအဖျား၌ရှိသော"မောင်"ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် "စိုင်းခမ်း လိတ်"ကို မြန်မာဘာသာဖြင့်ဆိုလျှင် "မောင်ရွှေသံ"ဟု ခေါ်ရပေမည်။

မန္တလေးဆေးတက္ကသိုလ်ကြီးမှ ဆရာဝန်ဘွဲ့ရခဲ့သူ၊ (၂၀)ရာစုတေးလောက၌ ထင်ရှား ကျော်ကြားလာသူ ဒေါက်တာစိုင်းခမ်းလိတ်သည် အပ္ပမာဒရသမဂ္ဂဇင်းအယ်ဒီတာချုပ်နှင့်ခင်မင် ရင်းနှီးကြသူများ ဖြစ်ကြသည်။ အယ်ဒီတာချုပ်သည် တစ်ချိန်က "တေးပြုသူ–သီချင်းသည်" ဘဝကို ခံယူခဲ့ဖူးသူဖြစ်၍ သူနှင့် ခေတ်ပြိုင်တေးပြုစာဆို ဒေါက်တာစိုင်းခမ်းလိတ်ကို သံယောဇဉ် ကြီးသည်။ ဒေါက်တာစိုင်း၏ ဒဿနအမြင်များကို ဆရာစိုင်း၏ သီချင်းများမှတစ်ဆင့် တွေ့ထိခံ စားကြည့်ခဲ့ဖူးသဖြင့် ယခုအချိန်၌ အပ္ပမာဒမဂ္ဂဇင်းတွင် ဆရာစိုင်း၏ တေးများထဲက ဓမ္မပုံရိပ်များ ကို ထုတ်နုတ်ပြီး တင်ပြချင်နေသည်။ ဆရာစိုင်းထံ သူကိုယ်တိုင် သွားရောက်လိုသော်ငြား အချိန်

မအားလပ်သဖြင့် ကျွန်တော့်ကို အားကိုးတကြီး တာဝန်ပေးလေသည်။ သူ၏ အားကိုးမှုကို ကျွန်တော်တန်ဖိုးထားသူဖြစ်ရာ အပ္ပမာဒစာဖတ်ပရိသတ်အပေါ် ထားရှိသည့် သူ့စေတနာကို ကျွန်တော်တတ်စွမ်းနိုင်သမျှ အရောင်တင်ပေးဖို့အတွက် ဒေါက်တာစိုင်းခမ်းလိတ်အား တွေ့ဆုံမေးမြန်းဓမ္မလမ်းပေါ် ကျွန်တော်ဆွဲခေါ် လာခဲ့ပြီး စာချစ်သူပရိသတ်နှင့်မိတ်ဆက်ပေးလိုက်ပါပြီ။



ဆရာစိုင်းခမ်းလိတ်(မောင်ရွှေသံ)

"ဂုဏ်-ဆေးရုံလမ်းကြား" သီချင်းထဲက နေအိမ်ရှေ့တွင်

ဒေါက်တာစိုင်းခမ်းလိတ် နှင့် ဇနီး ဒေါက်တာနွဲ့နွဲ့တင်

E-book is created by ***www.shanyoma.org***

ဆရာစိုင်းသည် နမ္မတူတွင် လူပျိုပေါက်အရွယ်ထိ ကျောင်းနေခဲ့ပြီး (၁၀)တန်းကို ပြင်ဦးလွင်စိန့်အဲဘတ်ကျောင်းမှ အောင်မြင်ခဲ့သည်။ (၇၅)ရာခိုင်နှုန်းမပြည့်သောကျောင်းတက်ရက်များကြောင့် (၃)နှစ်၊ (၃)မိုး အပိုဆောင်းပြီး မန်းဆေးတက္ကသိုလ်ကျောင်းသားဘဝ၌ ပျော်ပိုက်ခဲ့သည်။ ဆရာဝန်ဖြစ်ရခြင်းထက် တေးပြုစာဆိုဖြစ်ရခြင်းကို မက်မောနေခဲ့ရာ ဂီတာအိုလေးတစ်လုံးနှင့် ဟိုရောက်သည်ရောက် ဘုံပျောက်သော နတ်သူငယ်လေးအဖြစ် ဆေးကျောင်းတက်ခဲ့သူဖြစ်သည်။

လူရည်ချွန်စခန်းတွင် စတင်တွေ့ရှိကြပြီး ချစ်ကြိုးသွယ်ခဲ့ရာမှ ဘဝရေစက်ဆုံခဲ့ကြသော ဒေါက်တာနွဲ့နွဲ့တင်နှင့်ယခုအချိန်တွင် သားတစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားရရှိနေပြီဖြစ်ပါသည်။ သားသမီးများသည် မန္တလေးတွင် ကျောင်းတက်နေသူများဖြစ်၍ သူ့ဇနီးမှာ ကလေးအထူးကုဆရာဝန်ကြီးအဖြစ် ပြင်ဦးလွင်တွင် ရောက်ရှိနေရာ ဆရာစိုင်းသည် မန္တလေးနှင့်ပြင်ဦးလွင်ကို အိမ်ဦးနှင့်ကပြင်သဘောထား၍ ဟိုတစ်လှည့် ဒီတစ်လှည့် ကူးချည်သန်းချည် နေထိုင်လျက်ရှိသည်။

နာမည်ကျော်အဆိုတော်စိုင်းထီးဆိုင်၏ နှုတ်၊ အာ၊ လျှာပေါ် တွင် ဆရာစိုင်း၏ တေးသားသံစဉ်လေးများသည် မြူးကြွဝင့်ထယ်ဟန်ရေးကြွယ်လျက်ရှိနေခဲ့ရာ သူ့ဘဝ၊ သူ့အကြောင်း၊ သူ့အမြင်များအကြောင်းကို ဓမ္မရသနှင့်ယှဉ်၍ ရေးသားတင်ပြနိုင်ရန် ကျွန်တော်သည် ဆရာစိုင်းရှိရာ ပြင်ဦးလွင်မြို့သို့ ရောက်ခဲ့ပါသည်။



"ဘီးနံပါတ် OK 0122L " တေးကိုရေးသားသူ ဆရာစိုင်းခမ်းလိတ်နှင့်သူ့ဘီးကလေး

နွေရာသီများတွင် တစ်မူထူး၍လှပသော တောင်စခန်းမြို့လေး ပြင်ဦးလွင်သည် တမ်းမက်ချစ်ခင်နှစ်လိုဖွယ်အသွင်ရှိပြီး ရောက်ရှိလာကြသူတို့အား နှလုံးရွှင်ကြည်အေးမြစေလျက်ရှိ

E-book is created by www.shanyoma.org

E-book is created by www.shanyoma.org

သည်။ နံနက်ခင်းနေခြည်နုနုလေးသည် နွေးထွေးလျက်ရှိရာ ပြင်ဦးလွင်မြို့လယ်နာရီစင်ကြီးနှင့် အလှမ်းမဝေးလှသော ပြည်သူ့ဆေးရုံဝင်းထဲက ကလေးအထူးကုဆရာဝန်ကြီးဒေါ်နွဲ့နွဲ့တင်အိမ်သို့ ကျွန်တော်လမ်းလျှောက်ခဲ့ပါသည်။ ကျွန်တော့်ကို စောင့်မျှော်နေသူ ဆရာစိုင်းခမ်းလိတ်ထံရောက်ရှိသွားချိန်မှာ နံနက်(၉)နာရီပင် မထိုးတတ်သေးချေ။ ဆရာစိုင်းသည် သူ့အချစ်တော် ရွှေညှော့သည်ဟုအမည်ပေးထားသည့်ခွေးမလေးဂျီဂျီ (G.G - Golden Guest) နှင့်အတူ ကျွန်တော့်ကို ထွက်ကြိုနေသည်။ ဆရာစိုင်းနှင့်အတူ ဒေါက်တာနွဲ့နွဲ့တင်သည်လည်း ကျွန်တော့်အား ပြုံးရွှင်ဖော်ရွေစွာဖြင့် ဆီးကြိုဆိုနေပါသည်။ သူ့အစ်မဆရာမကြီးဒေါ်ခင်မေသန်းကား ကျွန်တော် တောင်ကြီးကောလိပ်ကျောင်းသားရေးရာဌာနတွင် အမှုထမ်းခဲ့စဉ်က ကျောင်းသူများအဆောင်–ပင်လုံအဆောင်မှူး၊ ပါဠိဌာနနည်းပြဆရာမဖြစ်၍ ထိုစဉ်ကပင် ခင်မင်ရင်းနှီးခဲ့ကြသည်။ ဒေါ်ခင်မေသန်းကို အကြောင်းပြုပြီး ဒေါ်နွဲ့နွဲ့တင်သည် ကျွန်တော့်အား ရင်းနှီးခင်မင်နေသူဖြစ်သည်။

ဒေါက်တာနွဲ့နွဲ့တင်က ကျွန်တော် ဆေးရုံတက်ရသည်ကို ကြားကြောင်း၊ မန္တလေးမရောက်ဖြစ်၍ ကျွန်တော့်ကို လာရောက်အားမပေးနိုင်ခဲ့ကြောင်း၊ ယခုတွေ့ရသည်မှာ ဆေးရုံဆင်းခါစ လူမမာရုပ်ပင် မပေါက်ကြောင်း အားပေးပါလေသည်။



ဆရာစိုင်းနှင့်စာရေးသူတို့ ပြင်ဦးလွင်ဆေးရုံဝင်းအတွင်းတွင် အမှတ်တရ

မနှစ်က ကျွန်တော် ဒုလ္လဘရဟန်းဝတ်ခဲ့သည်။ မဝတ်မီတစ်ရက်အလိုတွင် ဆီးနှင့်သွေးစစ်ကြည့်ရာ ကြောက်စရာကောင်းအောင် စိုးရိမ်မှတ်ကျော်ပြီး "ချို"နေသည်။ တစ်လနှင့်(၂)ရက်ကြာ ရဟန်းဝတ်နှင့်တရားထိုင်ခြင်း၊ အချိန်မှန် ပဋ္ဌာန်းရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့အမျှဝေခြင်းများပြုခဲ့ရာ ဆီးချိုရော၊ သွေးချိုပါ အံ့သြဖွယ်ကျသွားသည်ကို ဒိဋ္ဌကိုယ်တွေ့ ကြုံတွေ့ခဲ့ရပါသည်။

သက်န်းချွတ်၍ လူဝတ်လဲပြီး လူထဲပြန်ရောက်ကာ စည်းမဲ့ကမ်းမဲ့ နေထိုင်စားသောက်မိလိုက်ပြန်သောအခါ ဆေးရုံပေါ် ရောက်ရသည်အထိ သေမင်းနှင့်လက်တစ်ကမ်းအလို နီးကပ်သွားပါသည်။ ယခုတော့လည်း ကျွန်တော့်မှာ ရောဂါသက်သာပျောက်ကင်းခဲ့ပြီဖြစ်သဖြင့် ဒေါက်တာနွဲ့နွဲ့တင်၊ ဆရာစိုင်းတို့နှင့်ဆီးချို အကြောင်း ဟိုအကြောင်း သည်အကြောင်း ပြောကြရင်း သူတို့တည်ခင်းသည့်ပြင်ဦးလွင်ကော်ဖီပူပူမွှေးမွှေးလေးနှင့်နံနက်စာကို တဝကြီး စားနိုင်ခဲ့ပေပြီ။ စားရင်းသောက်ရင်း မေးရင်းမြန်းရင်း ဆရာစိုင်း၏ဘဝ၊ ဒဿန၊ ခံမှုနှင့်ရသများကို သူ့တေးသီချင်းများထဲက ကျွန်တော် ထိတွေ့မိသမျှ တင်ပြရပါသော်....

မေး။ ။"ဆရာစိုင်း တေးပြုစာဆိုဖြစ်လာပုံလေးကို အစကစပြီး ပြောပြဗျာ"ဟု ကျွန်တော်သည် သူ့ရှေ့ရှိပက်လက်ကုလားထိုင်လေးပေါ် တွင် ကျောခင်း၍ ကိုယ်လျှော့ထိုင်လိုက်ပြီး မေးမြန်းခန်းကို စတင်ဖွင့်လှစ်လိုက်ပါသည်။ ဒေါ် နွဲ့နွဲ့တင်သည် ဆရာစိုင်းဘေးတွင် ကပ်ထိုင်ရင်း သူ့မျက်မှန်ကို ချွတ်၍ ဖိုသုတ်နေသည်။

ဖြေ။ ။မျိုးရိုးဗီဇ(GENE)နဲ့ပတ်ဝန်းကျင်ဟာ လူတစ်ယောက်ရဲ့ဘဝနိမိတ်ပုံကို စတင်ဖော်ဆောင်ရာမှာ အဓိကကျတယ်ဆိုရင် လက်ခံပါတယ်နော်။ ကျွန်တော့်ကို တေးလောကထဲ ပုံသွင်းထည့်လိုက်တဲ့ပထမအချက်က မျိုးရိုးဗီဇပဲ။ ကြက်မှာအရိုး၊ လူမှာအမျိုးဆိုရိုးရှိတယ် မဟုတ်လား။ ဘမျိုးဘိုးတူ၊ ရှမ်းစာဆိုတစ်ဦးဖြစ်တဲ့ဖခင်နှင့်ရှမ်းအဆိုတော်စာတော်ဖတ်မိခင်တို့ထံက ဗီဇမျိုးစေ့ဟာ ကျွန်တော့်ကို တေးလောကထဲ အရောက်ပို့ခဲ့ပါတယ်။ ပတ်ဝန်းကျင်အနေနှင့်က ကျွန်တော့်ညီအစ်ကိုမောင်နှမများနှင့်သူငယ်ချင်းတွေရဲ့အားပေးကူညီတိုက်တွန်းမှုတွေဟာ ကျွန်တော့်ကိုတေးပြုစာဆို ဖြစ်လာစေခဲ့တာပါ။

မေး။ ။ဒီအကြောင်း"မြို့မ–စိန်ရတုမဂ္ဂဇင်း"ထဲမှာ ဆရာရေးတာ ဖတ်လိုက်ရပါတယ်။ အဲဒီမှာ မပါတာလေးတစ်ခု သိချင်ပါတယ်။ ဆရာ့ရဲ့ပထမဆုံးရေးတဲ့တေးအကြောင်းပါ။

ဖြေ။ ။အမှန်ပြောရရင် ပထမဆုံးကျွန်တော်ရေးတဲ့တေးဟာ ရှမ်းလိုဘာသာပြန်ရေးတဲ့တေးပါ။ ကျွန်တော်ဆိုကြည့်လို့အာတွေ့တဲ့အမေရိကန် Marching Through Georgia ကို"နှိုင်းဟော့ထွိန်လွယ်"မြန်မာလို "သစ်တောတောင်ကြားထဲမှာ"လို့အဓိပ္ပါယ်ရှိတဲ့တေးပါ။

မေး။ ။နှစ်ပေါင်း(၃၀)ကျော်လောက်မှာ တေးပုဒ်ရေတော်တော်များများ ရေးခဲ့တယ်လို့သိရပါတယ်။ ခုအချိန်ထိလည်း ရေးဆဲပေါ့နော်။ ရေးပြီးသမျှတေးတွေထဲက ခုနောက်ဆုံး Latestတေးကို ပြောပြပါလားဆရာ။

ဖြေ။ ။နောက်ဆုံးတေး ဟုတ်လား။ ကျွန်တော့်ဘဝမှာ အသက်ရှင်နေသမျှ တေးတွေရေးနေမှာ၊ ရေးနေသမျှလည်း အသက်ရှင်နေဦးမှာဆိုတော့ ဘယ်လိုပြောရမလဲဗျာ။ အဲ... အဲ ခုရေးပြီးထားတဲ့ Latest တေးကတော့၊ ဟဲ...ဟဲ..."တောက်တိုမည်ရ"ပါ။ ဘာမျှ မည်မည်ရရ ဆုပ်ကိုင်ပြစရာမရှိဘဲ၊ ဟိုမှာနည်းနည်း သည်မှာနည်းနည်း၊ နည်းနည်းတွေ စုဖြစ်နေတဲ့ကျွန်တော့်ဘဝဟာ တောက်တိုမည်ရဘဝပါဗျာ။ ကျွန်တော့်သီချင်းတွေကို တောက်တိုမည်ရသီချင်းတွေလို့ ပြောလို့

E-book is created by www.shanyoma.org

ရပါတယ်။

မေး။ ။ဟဲ…ဟဲ… ဆရာက စကားလုံးရွေး သိပ်တော်တာပဲ။ ဒါကြောင့်လည်း ကျော်ကြားတာပဲ။ "တောက်တိုမည်ရ"တဲ့ဟုတ်လား။ သိပ်လှတဲ့ဝေါဟာရလေးပဲဗျာ။ ကျွန်တော်တို့လည်း တောက်တိုမည်ရတွေပါ။ ဘဝမှာ မည်မည်ရရ ထိထိမိမိ တိတိပပပြောရမယ်ဆိုရင် ပြောပြစရာကျန်ရစ်အောင် ဘာမျှမလုပ်ဖြစ်သေးပါဘူး။ ဩော်…ဒါနဲ့ သီချင်တာလေးတစ်ခုက အဆိုတော်စိုင်းထီးဆိုင်နဲ့ဆရာ ရေစက်ဆုံခဲ့ကြပုံလေးအကြောင်းပါ။ ကျွန်တော့်လိုပဲ ဆရာ့ပရိသတ်လည်း သိချင်ကြမယ်ထင်ပါတယ်။

ဖြေ။ ။ကိုထီးနဲ့ကျွန်တော်ဆုံဆည်းမိခဲ့ကြပုံက ဒီလိုပါ။ မြန်မာပြည်ရဲ့အကျယ်ဆုံးပြည်နယ်ဟာ ရှမ်းပြည်နယ်မဟုတ်လား။ ဒီရှမ်းပြည်နယ်ကြီးထဲမှာ ကိုထီးက တောင်ပိုင်းမှာနေတယ်။ ကျွန်တော်က မြောက်ပိုင်းမှာ။ ဘယ်လိုဝေးဝေး… ဘယ်လောက်ဝေးဝေး၊ နိယာမတစ်ခုဖြစ်တဲ့"ဆုံရပ်" (Focus) ဆိုတာရှိမြဲ မဟုတ်လား။ ရှည်လျားကျယ်ပြောလှတဲ့သံသရာမှာ နောက်ထပ်မဖြစ်တော့တဲ့ဘဝကို မရကြသေးသမျှ ကျွန်တော်တို့ဟာ မဆုံချင်လို့မရဘဲ တစ်ဦးနဲ့တစ်ဦး တစ်ချိန်မှာ ဆုံဆည်းနေကြမယ်။ ဒီလိုမဟုတ်လား။ မြတ်ဗုဒ္ဓရဲ့ဒသနတစ်ခုမှာ သံသရာဘယ်လောက်ကျယ်ပြောသလဲ ဆိုရင် ဆွေမျိုးမတော်ဖူးသူရယ်လို့ မရှိဘူးလို့တောင် ဆိုတယ်။ သေခဲ့ရပေါင်းများလို့ ဒီကမ္ဘာမှာ မိမိသင်္ချိုင်းနဲ့လွတ်တဲ့မြေရယ်လို့လည်း မရှိဘူးတဲ့။ ကမ္ဘာဟာ ရွာတစ်ရွာလောက်သာရှိလာတဲ့ Globalization ခေတ်မှာ ကိုထီးနဲ့ကျွန်တော် ဆုံရပ်တစ်ခုမှာ ဆုံဆည်းမိကြတယ်။ အဲဒီနှစ်ဟာ ၁၉၆၄–ခုနှစ်ပါ။ ရှမ်းစာရေးထုံးကော်မီတီအစည်းအဝေး တောင်ကြီးမှာလုပ်တော့ ကျွန်တော်က တက္ကသိုလ်ရှမ်းကျောင်းသားများ ကိုယ်စားလှယ်အဖြစ်တက်ခဲ့တယ်။ အဲဒီမှာ ရှမ်းသီချင်းတစ်ပုဒ်တက်ဆိုပြတဲ့ကျွန်တော့်ကို ကိုထီးက သိပ်သဘောကျသွားသတဲ့။ ဆန်ဖရန်စစ္စကို တေးသွား နာမည်ကြီးချိန်ပေါ့ဗျာ။ အိမ်ဖြူလေး (White House) မှာ ကျွန်တော်နဲ့ကိုထီး ပထမဆုံးတွေ့ကြပြီး သိကျွမ်းခင်မင်ကြရာက ကျွန်တော့်တေးသွားတွေနဲ့ သူကံစပ်သွားခဲ့ကြတာပါ။ နောက် သူ မန္တလေးတက္ကသိုလ်ရောက်လာတော့ ကျွန်တော်တို့ အတွဲများသွားကြတယ်။ သီချင်းတွေလည်း အရေးများလာတယ်ပေါ့ဗျာ။

မေး။ ။ကိုထီးဆိုခဲ့တဲ့ဆရာ့တေးတွေက အများကြီးပဲ။ ဒီထဲက ပရိသတ်နှုတ်မှာ စွဲနေတဲ့တေးအချို့အကြောင်း ပြောကြရအောင်ဗျာ။ ဆရာပြောပြချင်တဲ့တေးအကြောင်းက စပြောပါ။ သီချင်းထဲက ဒသနနဲ့ဓမ္မရသများကို ရွေးထုတ်ခံစားကြည့်ကြရအောင်။ သဘာဝန္တရေးသီစီးရီးထဲက "ကွဲနေသောမှန်စများ"က စကြရင် ကောင်းမလားပဲ။

ဖြေ။ ။လူဟာ အမှန်တရားနှင့်မကင်းကွာစကောင်းပါဘူး။ ဒါပေမယ့် အမှန်တရားဟာ တစ်ခါတစ်ရံ အစိတ်စိတ်အမွှာမွှာ ကွဲကြေနေတတ်ပါတယ်။ ပြန်ဆက်ကြည့်တတ်ရင် ပကတိသရုပ်မှန်ကို ပြန်မြင်ရတဲ့အကြောင်းပါ။ ဗုဒ္ဓရဲ့တရားရေစင် မေတ္တာစမ်းရေကြည်မခန်းခြောက်လေသရွေ့ အမှန်တရားမှာ အင်အားတွေရှိနေပါတယ်ဆိုတဲ့အမြင်ကို ကျွန်တော်ခံစားထားမိသလို တင်ပြကြည့်

E-book is created by www.shanyoma.org

တဲ့သီချင်းလေးတစ်ပုဒ်ပါ။

မေး။ ။ဆရာခံစားသလို ကျွန်တော်တို့ခံစားနိုင်ဖို့ ကိုထီးက ခံစားချက်အပြည့်နဲ့ဆိုကြည့်ထားတဲ့တေး။ ဒီတေးထဲက ဆရာ့ဒဿနတွေကို ခုလိုစာဖတ်ပရိသတ်ဆီပို့ပေးလိုက်နိုင်တာ ကျွန်တော်ဝမ်းသာတယ်ဆရာ။ နောက်သီချင်းတစ်ပုဒ်ကို ဆက်ကြရအောင်၊ ဓမ္မရသကို အဓိကဖော်ပြတဲ့တေးဆိုပါတော့။



“တောက်တိုမည်ရ”ဘဝကို အလှဆင် ဆရာစိုင်း

ဖြေ။ ။ကျွန်တော့်သီချင်းတွေဟာ သမုဒယရသကိုသာ အများကြီးဖော်ထုတ်ပေးနေတာမို့ ဆရာတို့ရဲ့ဓမ္မရသကို ဆွဲထုတ်ကြည့်ဖို့ အားနည်းနေမလားပဲ။ ကြိုးစားကြည့်တာပေါ့လေ။ သံယောဇဉ်ဘွဲ့တွေထဲက ဘီးနံပါတ် OK 0122L သီချင်းအကြောင်းပြောကြည့်ကြရအောင်။ ကျွန်တော်အလုပ်သင်ဆရာဝန်ဘဝမှာ ပျောက်ဆုံးသွားတဲ့စက်ဘီးလေးနဲ့ပတ်သက်တဲ့သီချင်းပါ။ မန္တလေးဆေးရုံကြီး ခွဲစိတ်ဆောင်(၂)အတက်လှေကားရင်းမှာ သော့ခတ်ထောင်ထားခဲ့ရာက ပျောက်ဆုံးသွားတဲ့စက်ဘီးလေးရဲ့နံပါတ်ကို သီချင်းအမည်တပ်ရေးခဲ့တာပါ။ ဒီမန္တလေးမှာ စက်ဘီးဟာ မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းပါ။ အဲဒီအချိန်က သူငယ်ချင်းဆရာဝန်လင်မယားအိမ်မှာ ကပ်နေရချိန်ပေါ့။ စက်ဘီလေးတစ်စီးပိုင်ဖို့ ကျွန်တော်တို့ တစ်နှစ်လောက် အဆင်းရဲခံ ငွေစုခဲ့ရပါတယ်။ ရလာတဲ့စက်ဘီးကို ဘယ်လောက်သံယောဇဉ်တွယ်မိခဲ့တယ်ဆိုတာ စဉ်းစားသာကြည့်တော့။ လင်မယား

E-book is created by www.shanyoma.org

နှစ်ယောက်ပေါင်းပါမှ ဘီးတစ်စီးသာရှိကြတာမို့ ပျောက်ဆုံးသွားတဲ့ဘီးနဲ့ပတ်သက်ပြီး ခံစားမိတာကို ရေးဖြစ်သွားခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် သံယောဇဉ်ဆိုတဲ့ဆင်းရဲခြင်းသဘောကို ဝိုးတဝါးမြင်လိုက်မိတယ်ဆိုမလား။ ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ရအောင် ကြိုးစားချိန်ကစပြီး ဆင်းဆင်းရဲရဲရတာဟာ အဲဒီပစ္စည်းရရှိပြီး ထိန်းသိမ်းစောင့်ရှောက်ရစဉ် ဆင်းရဲတာတွေ၊ ပျက်စီးမှာကို စိုးရိမ်ကြောင့်ကြရပြီး ပျက်စီးတာကို ပြုပြင်လို၍ ဆင်းရဲရတာတွေ၊ ပျောက်ဆုံးရတဲ့အချိန်မှာ နှမြောပူပန်ရခြင်း ဆင်းရဲရတာတွေ၊ ဒီလိုနဲ့ ဆင်းရဲရခြင်း မီးတွေ အလောင်ခံရတာတွေဟာဖြင့် ကြောက်ခမန်းလိလိ ကျယ်ဝန်းတဲ့ဒုက္ခပင်လယ်ထဲက ဘဝလေးတစ်ဘဝရဲ့အပိုင်းအစလေးတစ်စလောက်သာ ရှိပါလိမ့်မယ်။ ဖိတ်စဉ်သွားတဲ့နွားနို့အပေါ် အာလယမပြတ်နိုင်တဲ့လူ့စိတ်သဘာဝလို့ဆိုမလား။

မေး။ ။ကောင်းပါပြီဆရာ။ အချိန်ရတုန်း နောက်သီချင်းတွေအကြောင်း ဆက်ကြရအောင်။ ရွှေဟင်္သာသီချင်းတွေဆိုရင် ဆရာ့တေးပရိသတ်နဲ့ရင်းနှီးပြီးသားမို့ အဲဒီသီချင်းတွေထဲက ဆရာခံယူထားမိတဲ့ဓမ္မရသအကြောင်း ပြောပြပါလား။

ဖြေ။ ။ရွှေဟင်္သာသီချင်း(၄)ပုဒ်။ မွန်သွေးပါတဲ့ချစ်သူနှင့်ပတ်သက်တဲ့သီချင်းလေးတွေပါ။ နွံတင်ရဲ့အဖေက မွန်၊ အမေက ရွှေမန်းသူ။ ဟင်္သာဟာ မွန်တွေရဲ့အထိမ်းအမှတ် မဟုတ်လား။ အင်း... ချစ်ရသူဟင်္သာမလေးနဲ့ပတ်သက်ရင် ရိုးတရိပ်နဲ့စိုးထိတ်မိပုံ။ မယုံရဲ ယုံရဲစိုးရိမ်စိတ်တွေကဲခဲ့ရပုံ၊ ဒါတွေစုပုံပြီး သမုဒယမီးပုံကြီးဖိုလိုက်မိရာက ဗုဒ္ဓရဲ့တရားတော်ထဲက လို၍မရသော ဆင်းရဲ၊ ချစ်သူနှင့်မပေါင်းသင်းရမှာကို ကြို၍ စိုးရိမ်ပြီး ပူပန်ရသောဆင်းရဲ၊ အဲဒီဆင်းရဲတွေဟာ အမှန်တော့ ချစ်တတ်သူတိုင်း၊ ချစ်ခြင်းကို ခံယူလိုကြသူတိုင်း မလွဲမသွေ ခံစားကြရတာပါ။ မိမိတစ်ဦးတည်းတော့ မဟုတ်ပါဘူး။ သဘာဝပေါ့ဗျာ။ ဓမ္မဆိုတာ သဘာဝတရားပဲ မဟုတ်လား။ ဗုဒ္ဓရဲ့တရားတော်များဟာလည်း သဘာဝရဲ့အနှစ်သာရများပဲ မဟုတ်လား။ ဒီတော့ ဓမ္မရသအကြောင်းပြောရင် သဘာဝဓမ္မအကြောင်းလည်း ပါသွားပြီမို့ ချစ်ခြင်းသဘောရဲ့သဘာဝကို ဓမ္မရသထဲကထုတ်ယူပြီး ခံစားကြည့်ရင်လည်း ရနိုင်ပါတယ်။ ရွှေဟင်္သာသီချင်းတွေကို သာမန်အမြင်နဲ့ကြည့်ရင် သမုဒယမာယာကဲတဲ့အနုသယတဏှာဝဲပေပေလို့ မြင်မိကြမလားပဲ။ ခပ်နက်နက်ကလေးစိုက်ကြည့်ကြမယ်ဆိုရင် ဗုဒ္ဓရဲ့သဘာဝတရားဓမ္မရသများကို ခံစားမြင်မိလာကြမယ်ထင်ပါတယ်။ ဆရာဝင်း ဘယ်လိုသဘောရသလဲ။

မေး။ ။အမှန်တော့ ဆရာစိုင်းဟာ အနုပညာရှင်မို့ ဆရာဝန်တစ်ယောက်အမြင်နဲ့မဟုတ်ဘဲ၊ အနုပညာရှင်ရဲ့အမြင်နဲ့ တင်ပြတာပဲလို့ ကျွန်တော်သဘောရပါတယ်။

ဖြေ။ ။သိပ္ပံပညာရှင်နဲ့အနုပညာရှင်တွေ အမြင်ချင်း မတူကြတာတော့အမှန်ပဲ။ သိပ္ပံပညာရှင်က သူထိတွေ့ခံစားတဲ့ရုပ်နဲ့ဝေဒနာကို အမှန်အတိုင်းတင်ပြတတ်ပေမယ့် အနုပညာရှင်ကတော့ ဒီလိုမဟုတ်ဘူး။ သူနဲ့ထိတွေ့တဲ့ရုပ်မှာဖြစ်ဖြစ်၊ သူခံစားတဲ့ဝေဒနာမှာဖြစ်ဖြစ် မေတ္တာစေတနာ ကရုဏာစတဲ့စေတသိက်တွေကဲပြီး တင်ပြတတ်ပါတယ်။ သူတင်ပြမှုဟာ သူမြင်ထင်ခံစားသလို လက်

E-book is created by www.shanyoma.org

ခံသူရဲ့ရင်ထဲ ရှောရှောရှူရှူရောက်ရှိသွားပြီဆိုရင် သူ့ရဲ့ကြိုးစားမှု၊ ရင်ချင်းကူးပြောင်းမှုအောင် မြင်ပြီလေ…။ ဆရာတို့ရေးတဲ့စာလုံးလေးတွေ ဖတ်သူရဲ့မျက်လုံးထဲမှတစ်ဆင့် နှလုံးသားနဲ့ဦး နှောက်ဆီရောက်ရှိပြီး မှတ်သားခံစားသလို ကျွန်တော်တို့ရေးတဲ့တေးသီချင်းတွေလည်း နားနှစ် ဖက်ကဖြတ်သန်းဝင်ရောက်သွားကြပြီး သောတရှင်တွေရဲ့နှလုံးသားနဲ့ဦးနှောက်ဆီမှာ တေးရေး သူရဲ့ခံစားမှုကို သိဆိုသူအကူအညီနဲ့ထပ်တူထပ်မျှ ခံစားရပြီဆိုရင် အဲဒီတေးဆရာဟာ အောင်မြင် ပြီပဲ။ ဒီလိုမဟုတ်လား ဆရာဝင်း။ အဲဒီအမြင်နဲ့ကြည့်ပြီး ကျွန်တော့တေးတွေထဲက "ချစ်တာတစ် ခုတည်း သိတယ်"ကို ပြောကြရအောင်လား။ ဒီသီချင်းဟာ ကျွန်တော့်ဘဝစောစောပိုင်းက ရေး ခဲ့တဲ့သီချင်း။ ပထမစီးရီးထဲမှာပါသွားခဲ့ပြီ။ အိုင်စတိုင်းရဲ့သီအိုရီကို မြှုပ်ပြီးရေးစမ်းကြည့်ထား တယ်။ သဘာဝတရားကို ဖွဲ့တာမို့ ဓမ္မရသကိုလည်း တွေ့ရမယ်ထင်ပါတယ်။ ဒီလိုပါ။ အသွားလမ်း ရဲ့ဘယ်ဘက်မှာရှိတဲ့ အမှတ်အသားဟာ အပြန်လမ်းမှာ ညာဘက်မှာရှိတာဟာ မဆန်းသလို၊ ပန် မည့်သူမရှိလည်း အချိန်တန်ရင်ပွင့်တဲ့ပန်းတွေအကြောင်း၊ ပင်လယ်ကြီးထဲက ရေနှင့်အိုင်ငယ် လေးထဲကရေ၊ ရေချင်းတူကို အပိုလုပ်မဆိုတတ်တဲ့သာမန်လူတစ်ယောက်အကြောင်း ချစ်တာဟာ ဘာကြောင့်လဲ၊ ဘာအတွက်လဲ၊ အဲဒီအချစ်ဟာ ဘယ်ကစသလဲ၊ ဘယ်မှာဆုံးမလဲစတဲ့အဖြေခက် တဲ့အမေးတွေအကြောင်း၊ မတည်ငြိမ်တဲ့နေရာနဲ့ မတည်မြဲတဲ့အချိန်အကြောင်း စတာတွေ မပြော တတ်ပေမယ့် "ချစ်တာတစ်ခုတည်း သိတယ်"ဆိုတဲ့ကိုယ့်အကြောင်းရေးဖွဲ့ကြည့်ခဲ့တာပါ။ ဒီမှာ ကျွန်တော် ဆိုချင်တာက ဘာကိုမျှ အစိုးမရတဲ့အနတ္တသဘောဟာ နေရာတကာလွှမ်းမိုးအုပ်စိုး နေပါကလားဆိုတာ သီချင်းထဲက ဓမ္မကို ထုတ်ကြည့်ခဲ့မိဖူးတဲ့အကြောင်းပါ။ ဒီသီချင်းဘယ်လောက် အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာ တေးချစ်သူ ပရိသတ်ဆုံးဖြတ်ဖို့ပါပဲ။

မေး။ ။မှန်လိုက်လေဆရာစိုင်းရယ်။ မိမိသီချင်းရဲ့အရည်အသွေးကို တေးပရိသတ်က ဆုံးဖြတ် ပါစေပေါ့။ ဒါနဲ့"၇၆–ဆေးရုံလမ်းကြား"ဆိုတဲ့တေးမှာ ပဋိပက္ခစိတ်နဲ့အစဉ်လှုပ်ရှားနေတဲ့လူ့စရိုက် ကို ဝိုးတဝါးမြင်တွေ့လိုကရတယ်ထင်မိလို့ အဲဒီသီချင်းအကြောင်းကိုလည်း ပြောပြပါဦး။

ဖြေ။ ။လူ့ရဲ့စိတ်ဟာ အများအားဖြင့် အစိုးမရရှိတတ်ကြပါတယ်။ တရားရှုမှတ်ကြသူတွေ အပြောများတဲ့သမာဓိစိတ်တည်ငြိမ်မှုဟာ တကယ်တော့ အပြောလွယ်သလောက် အလုပ်ခက်ပါ တယ်။ အစိုးမရအောင် မတည်မငြိမ်နှင့်လှုပ်ခတ်နေတဲ့စိတ်ကို သတိနဲ့စောင့်ကြည့်နေတတ်ဖို့ မပြတ် ရှုမှတ်ပွားများကြရပါတယ်။ တစ်ချက်ကလေးလွတ်သွားတာနဲ့ ပြန်ဖမ်းရတာ ဘယ်လောက်ပင်ပန်း တယ်ဆိုတာ တရားစခန်းဝင်ဖူးသူတွေ နားလည်ကြပါတယ်။ ထားပါလေ… ကျွန်တော်ပြောချင် တာက လူ့စိတ်အာရုံဘယ်လောက်ထွေပြားသလဲဆိုတာပါ။ မိမိမပိုင်တဲ့တစ်ချိန်ထဲမှာ ကဗျာဆရာ ဖြစ်ချင်ဖြစ်မယ်၊ လူညာဖြစ်ချင်ဖြစ်မယ်၊ လူသတ်သမားဖြစ်ချင်ဖြစ်မယ်၊ အနုပညာရှင်ဖြစ်ချင်ဖြစ် မယ်၊ ဘယ်လိုလူဖြစ်နေနေ အဲဒီသူကို ကြည်ဖြူနိုင်မယ်ဆိုရင် ဂီတာအိုလေးတစ်လုံးရယ်၊ သီချင်း လေးတစ်ပုဒ်ရယ်၊ ဆေးလိပ်တိုလေးတွေရယ်၊ ပြီးတော့ ရယ်စရာဝိုစရာတွေရယ် သူပိုင်ပစ္စည်းအ ဖြစ်ရှိတဲ့အိမ်ခန်းလေးကို လာလည်နိုင်ကြောင်း၊ အိမ်ရှေ့မှာက မက်မန်း၊ အိမ်နောက်က ယူကာလစ်

E-book is created by www.shanyoma.org

ပင်ကြီး၊ အိမ်ထောင့်မှာ ချယ်ရီနှင့်ထင်းရှူးပင်တွေ အစီအရီရှိတဲ့စိမ်းလန်းစိုပြည်တဲ့နယ်မြေလေးထဲက အိမ်နံပါတ် ၇၆ ပါ။ လမ်းကြုံရင် ရောက်တယ်ဆိုရုံလာလည်ပေါ့မိန်းကလေးရယ်’’လို့ ဖိတ်ခေါ်တဲ့တေးလေးပါ။ ရာဂစတဲ့မီးတောက်တွေနဲ့ပူလောင်နေတဲ့ပတ်ဝန်းကျင်ထဲက ရုန်းထွက်လာချင်သူတွေအတွက် ပဋိပက္ခစိတ်တွေကို ထွက်ပေါက်ပေးတဲ့တံခါးတစ်ပေါက်ဖောက်ကြည့်မိတာပါ။ သံဝေဂတွေ တစ်ပွေ့တစ်ပိုက်ကြီးရပါမှ တရားဓမ္မဖြစ်ပါတယ်လို့ယူတဲ့ရှေးရိုးစွဲဝါဒီတွေအတွက် တစ်ခေတ်ဆန်းကြည့်လိုက်တဲ့သဘောလည်း ဖြစ်ပါတယ်။



ဆရာစိုင်းတို့စုံတွဲကို ပြင်ဦးလွင်နေအိမ်၌ တွေ့ရစဉ်

မေး။ ။စကားပြောကြရတာ မဝသေးပေမယ့် မန္တလေးပြန်ဆင်းမှာမို့ အချိန်နည်းသွားပြီ။ ဆရာ့သီချင်းတွေက များတော့ မေးချင်တာ သိချင်တာတွေ အများကြီးကျန်သေးပေမယ့် ချန်ခဲ့တော့မယ်။ တစ်ခွန်းပဲ မေးခွင့်ပြုတော့ဗျာ။ အဲဒါက…‘‘ဘုရားရှိခိုးနှင့်ဗုဒ္ဓဝင်အကျဉ်း’’သီချင်းစုအကြောင်းပါ။ တေးဆိုသူ နန်းခမ်းနွံလိတ်၊ ဆရာ့သမီးကြီး။ ဒီတေးစုကို ပြုစုတဲ့ရည်ရွယ်ချက်နဲ့ တေးသွားသံစဉ်လေးတွေအကြောင်း သိပါရစေ။

ဖြေ။ ။အဲဒီတေးစုအဖွင့်အမှာစကားမှာပဲ ကျွန်တော့်ရည်ရွယ်ချက်ကို ဖော်ပြထားပါတယ်။ ‘‘ဗုဒ္ဓဘာသာဆိုတာ ကျင့်ကြံရတဲ့ဘာသာ။ ကြည်ညိုမှုမရှိရင် ဘယ်လိုကျင့်ကြံမလဲ။ ကြည်ညိုမှုကစတဲ့ယုံကြည်သက်ဝင်မှုကိုပြတဲ့အနေနဲ့ နှုတ်က ရွတ်ဆိုပူဇော်ခြင်းဆိုတာဟာ စိတ်ဆန္ဒကို ထုတ်ဖော်ပြသနည်းတစ်နည်းပဲ မဟုတ်လား။ ဗုဒ္ဓဘာသာဝင်ကလေးငယ်တွေအတွက် ရည်စူးရေးဖွဲ့တာဖြစ်လို့ တေးသွားသံစဉ်တွေကို ပျောင်းနွဲ့ချိုလွင်ပေးထားပါတယ်။ တွေးကြည့်စရာတွေ ထည့်မထားပါဘူး။ ရိုးစင်းတဲ့ဝေါဟာရလေးတွေကို သုံးထားပါတယ်။ ဗုဒ္ဓရဲ့ဖြစ်တော်စဉ်ထဲက သန္ဓေယူနေ့၊

E-book is created by www.shanyoma.org

ဖွားမြင်တော်မူတဲ့နေ့၊ တောထွက်၊ ဘုရားဖြစ်၊ တရားဦးဟော၊ ပရိနိဗ္ဗာန်တဲ့နေ့တွေအကြောင်းနဲ့ ဘုရားရှင်ရဲ့ဓာတ်တော်ဝေခန်းအပြင် ရတနာသုံးပါးဘုရားရှိခိုးပူဇော်ခြင်းအမျိုးမျိုးကို သီချင်းအဖြစ် ရေးဖွဲ့ထားတာပါ။

“နိဗ္ဗာန်ရဲတဲ့နှလုံးသား
ဖွေးဆွတ်တဲ့မနောဝိညာဉ်
သူများအကျိုးအတွက်
ကိုယ့်အကျိုးကို အခါခါစတေး...။
ယုံကြည်မှုက တစ်ခု ... တစ်ခုတည်း
ရှိခဲ့တယ် ရှိဆဲပဲ

မျှော်လင့်ခြင်း၊ ရွှေဉာဏ်ဆု သဗ္ဗညုတစ်ခုတည်း”ရယ်လို့ ပူဇော်ရေးဖွဲ့အဆုံးသတ်ထားတဲ့ဗုဒ္ဓဝင်အကျဉ်းတေးစုလေးပါ။

ကျွန်ုပ်။ ။ဟုတ်ကဲ့ပါ။ အခုလို အချိန်ပေး မေးသမျှဖြေတဲ့ဆရာ့ကို ဒေါ်နှံ့နှံ့တင်နှင့်အတူ အထူးကျေးဇူးတင်ရှိပါတယ်။ ဆရာ့အနေနဲ့ အပ္ပမာဒမဂ္ဂဇင်းအယ်ဒီတာချုပ်ကို ဘာများမှာကြားလိုက်ဦးမလဲ။ ဆရာ့တေးပရိသတ်နဲ့တေးလောကကိုရော ဘာများပြောကြားချင်ပါသလဲခင်ဗျား။

ဆရာစိုင်း။ ။အယ်ဒီတာချုပ်ကြီးကို သတိရ အားကျကြောင်း အပ္ပမာဒမဂ္ဂဇင်းကို လစဉ်မပြတ်ဖတ်လျက်ရှိပါကြောင်းနဲ့ ဝိပဿနာတရားများကို ယခုထက်မက ဆတက်ထမ်းပိုးတိုး၍ ပွားများအားထုတ်နိုင်ပါစေလို့ ဆုမွန်တောင်းပါကြောင်းပေါ့ဗျာ။ ဒါ့အပြင် ကျွန်တော့် တေးချစ်ပရိသတ်အတွက် တေးသစ်တွေ ရေးသီနေတဲ့အကြောင်း... ခုထွက်ပေါ် လာတဲ့ဆို၊ က၊ ရေး၊ တီးများကို လှိုက်လှိုက်လှဲလှဲကြိုဆိုရင်း...။ နောင်ထွက်ပေါ် လာမယ့် ဂီတမျိုးဆက်သစ်များကိုလည်း မျှော်လင့်စောင့်စားရင်း ယခင်က လမ်းစပျိုးခဲ့သူ ဂီတဆရာ့ဆရာကြီးများကိုလည်း ဘယ်တော့မှ မမေ့ပါဘူးလို့ ဂုဏ်ပြုလျက်ရှိပါကြောင်း စကားများ ဆရာနှင့်ပါးလိုက်ပါရစေဗျား။ ကျေးဇူးတင်ပါတယ်။

**တင်ဝင်း – ကသာ(မန်းတက္ကသိုလ်)**

မှတ်ချက်။ ။အပ္ပမာဒမဂ္ဂဇင်း၊ ၂၀၀၂–ခုနှစ်၊ အောက်တိုဘာလထုတ်၊ စာမျက်နှာ(၇၀ မှ ၇၇ ထိ)၌လာရှိသောဆောင်းပါးကို ပြန်စာစီရိုက်နှိပ်ထားပါသည်။

E-book is created by www.shanyoma.org